# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
## (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၂၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၆.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၉-၂-၂၀၁၅ (တနင်္လာနေ့)မှာ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၈၄ ဦးရှိပြီး ယခင်ခွင့်ပန်ကြားသူ ၁၅ ဦး စုစုပေါင်း ၉၉ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၈၄ ဦးမှာ-

(၁) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်(ခ)ဦးဦးရယ် ခွင့် ၅ ရက်၊

(၂) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၅ ရက်၊

(၃) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

မူကြမ်း

(၄) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၃ ရက်၊

(၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၅ ရက်၊

(၆) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၃ ရက်၊

(၇) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၅ ရက်၊

(၈) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၉) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၃ ရက်၊

(၁၀) ဟသ်ာတမဲဆန္ဒနယ် ဦးဌေးဦး ခွင့် ၁ ရက်၊

(၁၁) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၃ ရက်၊

(၁၂) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁၂ ရက်၊

(၁၃) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၁၄) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၃ ရက်၊

(၁၅) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၅ ရက်၊

(၁၆) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၁၇) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၁၈) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၃ ရက်၊

(၁၉) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၃ ရက်၊

(၂၀) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်၊

(၂၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

(၂၂) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၃ ရက်၊

(၂၃) မိုးညှင်းမဲဆန္ဒနယ် ဦးကျော်စိုးလေး ခွင့် ၃ ရက်၊

(၂၄) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၃ ရက်၊

(၂၅) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၃ ရက်၊

(၂၆) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၃ ရက်၊

(၂၇) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၃ ရက်၊

(၂၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၃ ရက်၊

(၂၉) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၃၀) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၁) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၃ ရက်၊

(၃၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊

(၃၃) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ)ဦးပေါ်ကာ ခွင့် ၁ ရက်၊

(၃၄) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၂ ရက်၊

(၃၅) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၃၆) အရာတော်မဲဆန္ဒနယ် ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၃၇) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၃၈) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၃၉) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၃ ရက်၊

(၄၀) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၃ ရက်၊

(၄၁) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၄၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၅ ရက်၊

(၄၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်၊

(၄၄) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၄၅) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၃ ရက်၊

(၄၆) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၂ ရက်၊

(၄၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၄၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၂ ရက်၊

(၄၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊

(၅၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၅၁) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၂၀ ရက်၊

(၅၂) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၅၃) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၃ ရက်၊

(၅၄) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၅ ရက်၊

(၅၅) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၁ ရက်၊

(၅၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၅ ရက်၊

(၅၇) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၃ ရက်၊

မူကြမ်း

(၅၈) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၃ ရက်၊

(၅၉) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၃ ရက်၊

(၆၀) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၂ ရက်၊

(၆၁) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁၂ ရက်၊

(၆၂) ဘောလခဲမဲဆန္ဒနယ် ဦးအေးမောင် ခွင့် ၃ ရက်၊

(၆၃) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၆၄) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၃ ရက်၊

(၆၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၃ ရက်၊

(၆၆) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၃ ရက်၊

(၆၇) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊

(၆၈) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၆၉) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၃ ရက်၊

(၇၀) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၅ ရက်၊

(၇၁) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၅ ရက်၊

(၇၂) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၅ ရက်၊

(၇၃) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၃ ရက်၊

(၇၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၇၅) ခေါင်လန်ဖူးမဲဆန္ဒနယ် ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၇၆) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၇၇) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၅ ရက်၊

(၇၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၃ ရက်၊

(၇၉) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၈၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၃ ရက်၊

(၈၁) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

မူကြမ်း

(၈၂) အမ်းမဲဆန္ဒနယ် ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၈၃) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁၀ ရက်၊

(၈၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၃ ရက် စုစုပေါင်း ၈၄ ဦးအား ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦးနဲ့ ယနေ့ခွင့်ပြုထားသူ ၈၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရွှေတိဂုံစေတီတော် သြဝါဒစရိယဆရာတော်ကြီးများအဖွဲ့ ဖွဲ့စည်းရာတွင် ကျမ်းဂန်တက်မွန်ဆရာတော်များကိုလည်း ထည့်သွင်းဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြကုန်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့ ဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်းပြီးတော့ သိလိုသောအချက်များကို မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကလာပတိုင်းတွင်နေထိုင်သော တပုတ်သနဲ့ဘလ္လိကပါဠိကအမည်ရှိ မွန်ကုန်သည်ညီနောင်နှစ်ဦးတို့သည် ကုန်စည်ကူးသန်းရောင်းဝယ်ရာမှ ဗုဒ္ဓမြတ်စွာဘုရားနှင့်တွေ့ဆုံပြီး ဆံတော်ရှစ်ဆူကိုရရှိခဲ့ရာ ဥက္ကလာပမင်းကြီးထံဆက်သခဲ့ပါသည်။ ဥက္ကလာပမင်းကြီးက အဆိုပါဆံတော်များတို့ကို အများဖူးမြော်ကြည်ညိုနိုင်ရန်အလို့ငှာ ရည်ရွယ်၍ ဒဂုံအမည်တွင်သောမြို့ရှိ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် စေတီတစ်ဆူတည်ထားကိုးကွယ်ခဲ့ရာ ၎င်းစေတီကို မွန်ဘာသာဖြင့် ကျိုက်တဂုံဟုခေါ်ဆိုရာမှ ယခုအခါ ရွှေတိဂုံစေတီဟုခေါ်ဆိုလျက်ရှိပါသည်။ ၎င်းစေတီတော်မြတ်ကြီးအား မွန်မင်းအဆက်ဆက်နှင့် ဗမာမင်းတို့ကပြုပြင်ကိုးကွယ်လာကြရာ တန်ခိုးကြီးသည့်စေတီတော်တစ်ဆူအဖြစ်ထင်ရှားပြီး ထိုစေတီ၏ ဩဝါဒါစရိယဆရာတော်ကြီးများ အဖွဲ့ကိုလည်း ခေတ်အဆက်ဆက်တွင် ဖွဲ့စည်းထားရှိခဲ့ပါကြောင်း သိရှိရပါသည်။ ယခုအချိန်တွင် ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာမွန်ဘုန်းတော်ကြီးကျောင်းပေါင်း ၅၀ ခန့်ရှိပြီး အဆိုပါကျောင်းများတို့တွင် သီတင်းသုံးနေကြသော မွန်ဘုန်းတော်ကြီးများတို့သည်လည်း သီလ၊ သမာဓိ၊ ပညာ၊ အကျင့်သိက္ခာနှင့် ပြည့်စုံ၍ မွန်၊ ဗမာ၊ ပါဠိစာပေများတို့ကိုလည်းကောင်း၊ ပရိယတ္တိ၊ ပရိယတ္တိကျမ်းဂန်များတို့ကို လည်းကောင်း ကျွမ်းကျင်စွာတတ်မြောက်ပြီး နိုင်ငံတကာမှ ဘွဲ့ထူး၊ ဂုဏ်ထူးများတို့ကိုပင် ဆွတ်ခူးရရှိ ထားသော ဆရာတော်ကြီးများလည်းရှိပါကြောင်း တင်ပြလိုပါသည်။

သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီတော်အကြောင်းအရာနှင့် စပ်လျဉ်းပြီး ရှေးဟောင်းမွန်စာပေများ၊ မြန်မာစာပေများတို့ကို မွန်-ဗမာသံဃာတော်များတို့က စုပေါင်းဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ထိုက်သည့်ကိစ္စတို့ကို လိုအပ်သလိုစုပေါင်းဆောင်ရွက်နိုင်ခြင်းအားဖြင့် ရလဒ်ကောင်းများရရှိနိုင်မည်ဖြစ်ပါကြောင်း မျှော်ကိုး၍ ရွှေတိဂုံစေတီတော်မြတ်၏ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့ကို ဖွဲ့စည်းရာတွင် အထက်ဖော်ပြပါကျမ်းဂန်တတ် မွန်ဆရာတော်ကြီးများတို့ကိုပါ အဖွဲ့ဝင်အဖြစ် ထည့်သွင်း

ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာမေးမြန်းအပ်ပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်ဌေး(ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)။** ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ပထမဦးစွာဂါရဝပြုဆုကောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ) ဦးနိုင်လှမောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး သာသနာရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မြန်မာနိုင်ငံရဲ့ Landmark ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာသနာတော်ရဲ့ ခိုင်မာသော သမိုင်းသက်သေလည်းဖြစ်ပါတယ်။ ထိုသို့ မြန်မာ့သမိုင်းဝင်၊ သာသနာဝင်ဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးကို ထေရဝါဒဗုဒ္ဓဘာသာဝင်များသာမက ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များ၊ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းသူများ၊ သမိုင်းရေးရာနှင့် ဘာသာသာသနာရေးရာ စိတ်ဝင်စားသူများက အထူးအာရုံစိုက်တန်ဖိုးထားကြပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ၊ နိုင်ငံအကြီးအကဲများနှင့် ဗုဒ္ဓဘာသာဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် အလို့ငှာ ဗုဒ္ဓသန္တက၊ စေတိယသန္တကပစ္စည်းများ မပျောက်မပျက် ထိန်းသိမ်းနိုင်ရန်အတွက် ဂေါပကအဖွဲ့ကို စဉ်ဆက်မပြတ်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ယင်းဂေါပကအဖွဲ့ရဲ့ ဆောင်ရွက်ချက်များအပေါ် ဩဝါဒလမ်းညွှန်မှုပြုနိုင်ရေးအတွက် ဩဝါဒါဆရာတော်ကြီးများအဖွဲ့ကိုလည်း ဂေါပကအဖွဲ့စည်းမျဉ်းပါအတိုင်း ဖွဲ့စည်းထားရှိပြီး ဩဝါဒခံယူဆောင်ရွက်လျက်ရှိပါတယ်။ ရွှေတိဂုံစေတီတော် ဂါပကအဖွဲ့စည်းမျဉ်းအခန်း (၂) ပုဒ်မ ၃ နှင့် ပုဒ်မ ၆ တို့တွင် ရွှေတိဂုံစေတီတော် အစွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးကိစ္စရပ်များကိုလည်းကောင်း၊ ယင်းစေတီတော်နှင့်ဆက်စပ်သည့် သာသနာရေးရာဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဂေါပကအဖွဲ့ကဆောင်ရွက်ရာတွင် ဩဝါဒပေးနိုင်ရန်အလို့ငှာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက တာဝန်ယူ၍ ဩဝါဒါစရိယဆရာတော် ၁၁ ပါးပါဝင်သည့် ဩဝါဒါစရိယ

ဆရာတော်များအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။ သြဝါဒါစရိယဆရာတော်နေရာ လစ်လပ်လျှင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် လက်ရှိသြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ညှိနှိုင်း၍ သုံးလအတွင်း သင့်လျော်သော သြဝါဒါစရိယဆရာတော်ကို ဖြည့်စွက်ပေးရမည်ဟု ပြဋ္ဌာန်းထား ရှိပါတယ်။

အထက်ပါ ဂေါပကအဖွဲ့စည်းမျဉ်းပြဋ္ဌာန်းချက်များနှင့်အညီ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်များအဖွဲ့တွင် အကြောင်းအားလျော်စွာ လစ်လပ်မှုရှိပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝါကပ်ဝါဆိုပြီး စာသင်တိုက်ကြီးကို ဦးဆောင်နေခြင်း၊ သံဃာ့ အဖွဲ့အစည်းတွင် ထင်ရှားစွာ တာဝန်ထမ်းဆောင်နေခြင်း၊ ဘွဲ့တံဆိပ်တော်များဆက်ကပ်ခံထားရခြင်း၊ သြဝါဒါစရိယအဖြစ် ဆောင်ရွက်ရန်ဆန္ဒရှိကြောင်း လျှောက်ထားခြင်းစသည့် အချက်များအပေါ်တွင် မူတည်လျက် အဖွဲ့ဝင်ဖြစ်သည့် ဆရာတော်များကို လက်ရှိအဖွဲ့ဝင်ဆရာတော်များထံ ဦးစွာလျှို့ဝှက် ဆန္ဒမဲရယူပါတယ်။ ထို့နောက် သာသနာရေးဝန်ကြီးက နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့သို့ ဆက်လက်တင်ပြခွင့်ပြုချက်ရယူ၍ လစ်လပ်သြဝါဒါစရိယ ဆရာတော်နေရာ၌ ဖြည့်စွက်အတည်ပြု ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီ တော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော် ရွေးချယ်ခန့်အပ်ခြင်း ဆောင်ရွက်တော်မူရာ၌ ဂေါပက စည်းမျဉ်းအရ သာသနာရေးဝန်ကြီးဌာနက သြဝါဒါစရိယဆရာတော်များနှင့် သံဃာ့အဖွဲ့အစည်း ဆရာတော်များထံသို့ တင်ပြလျှောက်ထား၍ သံဃာ့မထေရ်ဆရာတော်များ၏ စိစစ်မှုဖြင့် ဆောင်ရွက် လျက်ရှိပါကြောင်း၊ သာသနာ့အကျိုးကိုဆောင်ရွက်ပြီး ဂုဏဝုလို၊ ဝယဝုပိုဂုဏ်နှင့် ပြည့်စုံသော ဆရာတော်များကို ပုဂ္ဂိုလ်ရေးမခွဲခြား၊ ဂိုဏ်းဂဏကန့်သတ်ခြင်းမရှိ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သြဝါဒါစရိယဆရာတော်လစ်လပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အမြဲနေဝါကပ်ဝါဆိုသည့် မည်သည့်ဂိုဏ်း၊ မည်သည့်မထေရ်ကြီးကိုမဆို ဆန္ဒရှိပါက အဆိုပြုနိုင်ပါ ကြောင်း၊ ယခုအခါ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ စည်းမျဉ်းအရ သြဝါဒါစရိယဆရာတော်ကြီး များအဖွဲ့တွင် ဆရာတော်ကြီး ၁၁ ပါးပြည့်ပြီးဖြစ်ပါသဖြင့် လစ်လပ်မှုမရှိပါသောကြောင့် ဖြည့်စွက် ဖွဲ့စည်းရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**Call Centre များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံးနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းဦးစီးဌာနမှ ဆည်လက်တံနှင့် လယ်ကန်သင်းရိုးထိပ်တွေမှာ ဆက်သွယ်နိုင်တဲ့ တယ်လီဖုန်းနံပါတ်များကို ဗွီနိုင်းနဲ့ ရေးထားပြီးတော့ Call Centre များ ထူထောင်ထားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁) အထက်ပါ Call Centre များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်စွမ်းရှိ/မရှိ။ (၂) ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများအတွက် လက်ငင်းအကျိုးကျေးဇူး မည်သို့ခံစားရရှိနိုင်မည်ကို သိရှိလိုပါသဖြင့် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ အာဟာရပြည့်ဝတဲ့ စားနပ်ရိက္ခာဖူလုံရေး (Food Security and Nutrition) နှင့် ကျေးလက်နေပြည်သူများရဲ့ လူမှုဘဝမြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိရေး (Income Generation) တို့အတွက် မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားများရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

အတွက် အဓိကလိုအပ်ချက်များမှာ စိုက်ပျိုးရေ၊ မျိုး၊ နည်းပညာနှင့် အရင်းအနှီးရရှိရေးတို့ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ တောင်သူလယ်သမားများရဲ့ လိုအပ်ချက်၊ အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် တောင်သူပညာပေးလုပ်ငန်းများ (Extension Methods) များကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်တဲ့ တောင်သူပညာပေးလုပ်ငန်းများအနေနဲ့ တစ်ဧက အထွက်နှုန်းတိုးရေးအတွက် (Intensive Approach) အတွက် ဆောင်ရွက်တဲ့နေရာမှာ Knowledge Centre စိုက်ပျိုးရေးပညာပေးစခန်းများ ဖွင့်လှစ်ထားရှိခြင်း၊ Farmer Field Schools များပြုလုပ်၍ လက်တွေ့ခေါ်ယူပြသခြင်း၊ တောင်သူများ တွေ့ကြုံရတဲ့အခက်အခဲများကို လာရောက်အကြောင်းကြားလာပါက လိုက်လံဖြေရှင်းပေးခြင်း၊ အခက်အခဲပြဿနာများရှိတဲ့ဟာကို သက်ဆိုင်ရာသုတေသနဌာနသို့ပေးပို့၍ ဖြေရှင်းပေးခြင်း စသည့်လုပ်ငန်းများနှင့် တောင်သူလယ်သမားကဏ္ဍာရုပ်သံလိုင်းများ၊ လယ်ယာစီးပွားသတင်းစာစောင်များ၊ တောင်သူလယ်သမားလက်ငင်းအကျိုးရရှိနိုင်တဲ့ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် စိုက်ပျိုးရေးပညာပေးဝန်ထမ်းအင်အားမလုံလောက်ခြင်းကြောင့် ရွာတိုင်း၊ ကွင်းတိုင်း၊ တောင်သူတိုင်း၌ ထိတွေ့နိုင်မှုမရှိခြင်း၊ တောင်သူလယ်သမားများ လက်ငင်းကြုံတွေ့နေရတဲ့ အခက်အခဲများကို ဥပမာ-ပိုးမွှားရောဂါများပြားစွာ ကျရောက်လာတဲ့ အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရန် ခက်ခဲခြင်းများ စတဲ့ ကန့်သတ်ချက်များလည်း ရှိနေခဲ့တာဖြစ်ပါတယ်။

ယခု IT ခေတ်မှာ ခေတ်မီဆက်သွယ်ရေးစနစ်ဖြစ်တဲ့ Mobile Phone များကို ဝန်ထမ်းများနှင့် တောင်သူများပါ သုံးစွဲလာနိုင်၍ တောင်သူများမှ ၎င်းတို့တွေ့ကြုံရတဲ့ မျိုးစေ့လိုအပ်ချက်များ၊ ပိုးမွှားရောဂါပြဿနာများ၊ ဈေးကွက်သတင်းများ၊ ရေရရှိရေးလုပ်ငန်းများ၊ ရေကြီးခြင်းလုပ်ငန်းများ၊ မြေပြုပြင်ရေးအတွက် ထွန်စက်လိုအပ်ချက်များကို လက်ကိုင်ဖုန်းများနှင့် မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို အုပ်စုအလိုက်၊ ဆည်မြောင်းလက်တံအလိုက် ဝန်ထမ်းများနှင့် ထိရောက်စွာဆက်သွယ်နိုင်ရန်အတွက် ဖုန်းနံပါတ်များကို သက်ဆိုင်ရာအုပ်စုအလိုက်၊ ရေမြောင်းအလိုက် ဗွီနိုင်းများဖြင့် ရေးပြီးထောင်ထားလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် တောင်သူလယ်သမားများဟာ လိုအပ်ချက်များ၊ အခက်အခဲများကို ချက်ချင်းဖုန်းဆက်၍ မေးမြန်းတဲ့အခါမှာ ချက်ချင်းသွားရောက်ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ သို့ဖြစ်၍ တောင်သူလယ်သမားများအတွက် ရေရရှိရေးလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် နည်းပညာဖြန့်ဖြူးရေးတို့အတွက် IT နည်းပညာဖြစ်တဲ့

Mobile Telephone များနှင့် ဆက်သွယ်အသုံးပြုပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ထူထောင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်-ကျေးစာဥ ရွာချင်းဆက်လမ်းနှင့် ကျေးရွာဥ-မန်ကျီးကုန်းရွာချင်းဆက်လမ်းအားကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်ငံလင်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံလင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းလေး ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်-ကျေးစာဥရွာချင်းဆက်လမ်းနှင့် ကျေးစာဥ-မန်ကျီးကုန်းရွာချင်းဆက်လမ်းအပြင် တခြား ဒက္ခိဏသီရိမြို့နယ်တွေမှာရှိတဲ့ ရွာချင်းဆက်လမ်းတွေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကတည်းက တင်ပြထားတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘတ်ဂျက်မှာလည်း ပြန်ပါလာပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ ကျွန်တော်တို့ ဒီကနေအထိဆိုလို့ရှိရင် ရန်ကုန်-မန္တလေးအမြန်လမ်းနဲ့ ယှဉ်ပြိုင်ပြီးတော့ တစ်ကြောင်းထိုးလမ်းကို တွေ့ရတယ်။ ပြီးတော့ တခြားလမ်းတွေကျတော့ အခု မနှစ်ကနဲ့ ဒီနှစ်ဆိုလို့ရှိရင်လမ်းတွေကို တော်တော်ပြင်ပေးနေပါပြီ။ သို့သော်လည်း တကယ်အရေးကြီးဖြစ်တဲ့ ဒိုးနွယ်နဲ့ ကျေးရွာဥ ရွာချင်းဆက်လမ်းရယ်၊ ကျေးစာဥနဲ့ မန်ကျီးကုန်း ရွာချင်းဆက်လမ်းနှစ်ခုဟာဆိုလို့ရှိရင် မြေသားလမ်းပဲဖြစ်တဲ့အတွက်ကြောင့် မိုးတွင်းဆိုလို့ရှိရင် ပြည်သူလူထုဟာ ဒီ ဆိုင်ကယ်တွေကို အမြန်လမ်းရဲ့ဘေးနားမှာရှိတဲ့ သူတို့ရဲ့ အသိတွေအိမ်မှာ ထားခဲ့ပြီးတော့မှ ရွာတွေကို အဝေးကြီးပြန်ရတယ်။ ပြီးတော့ သွားစရာ၊ လာစရာရှိတယ်ဆိုရင် သူတို့ အဲ့ဒီဆိုင်ကယ်တွေ ဒီမှာလာပြန်ယူရတယ်။ အဲ့ဒီလိုအခြေအနေမျိုးဖြစ်နေတဲ့အပြင်ကို ကျောင်းသားတွေဆိုရင် အလွန့်အလွန်အခက်အခဲရှိတယ်။ ကျန်းမာရေးကိစ္စနဲ့ အရေးပေါ်ကိစ္စတွေမှာဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူလူထုဟာ အသက်ဆုံးရှုံးသည်အထိ ဖြစ်ခဲ့ပါတယ်။ အဲ့ဒီတော့ ဒီလမ်းလေးကို အခု ၂၀၁၅-၂၀၁၆ မှာလည်း ကျွန်တော်တို့ ဘတ်ဂျက်ထဲမှာလည်း ဒီလမ်းတွေ ပါလာပါတယ်။ ပါတော့ ကျွန်တော် သိချင်တာကတော့ အမှန်တကယ်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အဲ့ဒီတော့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကံချွန်(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့၍ ကျန်းမာပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးကံချွန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးနိုင်ငံလင်းမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ တင်ပြလိုပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏ သီရိမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်း အနောက်ဘက်ခြမ်းမှာရှိတဲ့ ဒိုးနွယ်-ကျေးစာဥ ရွာချင်း ဆက်လမ်းနှင့် ကျေးစာဥ-မန်ကျီးကုန်း ရွာချင်းဆက်လမ်းအား ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အခြားရွာ များကဲ့သို့ ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီအနေ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံချက်နှင့်အညီ နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက် ၅၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈၇ အုပ်စု၊ ကျေးရွာ ၇၉၆ ရွာတို့အား အချိုးညီညီဖွံ့ဖြိုးတိုးတက်ရန် လျာထားဆောင်ရွက်လျက်ရှိတဲ့အတွက် ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်-ကျေးစာဥ ရွာချင်းဆက်လမ်းနှင့် ကျေးစာဥ-မန်ကျီးကုန်း ကျေးရွာချင်း ဆက်လမ်းအား ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် လတ်တလောအချိန်တွင် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ်က နိုင်ငံတော်တစ်ဝှမ်း အနယ်နယ်အရပ်ရပ်ရှိ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ထောက်ပံ့မှုပိုမိုတိုးမြှင့် နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ အစီအစဉ် ၆ ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့အတွက် သူရဦးအေးမြင့်အား ဖိတ်ခေါ်ပါတယ်။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့်နိုင်ရေးနဲ့ ထောက်ပံ့မှုပိုမိုတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးသင်ပညာရေးဟာ အေဒီ ၁၁ ရာစု ပုဂံခေတ်ကတည်းက စတင်ခဲ့ပြီး ထေရဝါဒ ဗုဒ္ဓဘာသာနှင့်အတူ ပေါ်ထွန်းလာခဲ့တဲ့ ပညာသင်ကြားရေးစနစ်တစ်ခု ဖြစ်ပါတယ်။ ဘုန်းတော်ကြီးများ ဦးဆောင်သင်ကြားတဲ့ မြန်မာ့ပညာရေးဟာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ နိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများအကြား ယနေ့တိုင်ပေါ်လွင်ထင်ရှားနေတဲ့ ပညာရေးစနစ်တစ်ခုလည်း ဖြစ်ပါတယ်။ မြန်မာတို့ရဲ့ ပုဂံမင်းဆက်၊ ပင်းယမင်းဆက်၊ ညောင်ရမ်းမင်းဆက်၊ အင်းဝမင်းဆက်၊ ကုန်းဘောင်မင်းဆက် စတဲ့အဆက်ဆက်သော မင်းများလက်ထက်မှာ မြန်မာ့လူတန်းစားအသီးသီးရဲ့ ပညာသင်ကြားရေးစနစ်ကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးများဦးဆောင်ခဲ့ပြီး အုပ်ချုပ်သူဘုရင်များကနေ သာမန်ပြည်သူများအထိ ဘဝကိုအောင်မြင်တိုးတက်စေတဲ့ ပညာရေးအဖြစ် ဗုဒ္ဓယဉ်ကျေးမှုရဲ့မြစ်ဖျားခံရာ ဘုန်းတော်ကြီးကျောင်းများမှာအခြေပြုပြီး သင်ကြား/သင်ယူခဲ့တာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကာလမှာလည်း သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့ ဘုန်းတော်ကြီးသင်ပညာရေးဟာ မြန်မာနိုင်ငံအနှံ့ထွန်းကားလျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုအတွင်း မြို့နယ်ပေါင်း ၂၆၂ မြို့နယ်မှာ တည်ရှိရှင်သန်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးသင်အခြေခံပညာမူလတန်းကျောင်းပေါင်း ၁၀၉၃ ကျောင်း၊ ဘုန်းတော်ကြီးသင်အခြေခံပညာ မူလတန်းလွန်ကျောင်းပေါင်း ၃၉၃ ကျောင်း၊ ဘုန်းတော်ကြီးသင်အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၀၉ ကျောင်းနဲ့ ဘုန်းတော်ကြီးသင် အခြေခံပညာအထက်တန်းကျောင်းပေါင်း နှစ်ကျောင်း စုစုပေါင်း ၁၅၉၇ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်းနဲ့ ကျောင်းသားဦးရေ အရေအတွက်မှာ ၂၇၀၀၀၀ ခန့်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအားလုံးဟာ သက်ဆိုင်ရာဘုန်းတော်ကြီးများရဲ့ ဦးဆောင်စီမံပံ့ပိုးမှု၊ အလှူရှင်များရဲ့စေတနာ အလျောက်အားပေးထောက်ပံ့မှုတို့အပေါ်မူတည်ပြီး ရပ်တည်နေကြရခြင်းဖြစ်ပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ ပညာသင်ကြားကြတဲ့ကလေးငယ်များဟာ ဆင်းရဲနွမ်းပါးတဲ့မိဘများရဲ့ သားသမီးများဖြစ်ကြပြီး အချို့မှာ မိဘမဲ့ကလေးများကိုပင် ကျောင်းတွေမှာ လက်ခံကျွေးမွေး စောင့်ရှောက်ပြီး သင်ကြားပေးနေတာ ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ ယနေ့ နိုင်ငံတော်မှာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ကို အခမဲ့ပညာသင်ကြားခွင့်ပြုထားတဲ့အချိန်မှာ အခမဲ့ဆိုတဲ့ အစိုးရကျောင်းများမှာပင် ပညာသင်ယူရန် မတတ်နိုင်တဲ့အတွက်ကြောင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှာ ပညာသင်ယူနေရတဲ့ ကလေးဦးရေဟာလည်း မြင့်တက်လျက်ရှိပါတယ်။ အမေ့လျော့ခံဖြစ်နေတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိတဲ့ ကလေးငယ်များ၏ ပညာရေးအတွက် နိုင်ငံတော်နဲ့ နိုင်ငံသားများအနေနဲ့ ပိုမိုအလေးထားဂရုပြုဖို့နဲ့ ကူညီထောက်ပံ့မှုများ တိုးမြှင့်ဖို့လိုအပ်နေပြီလို့ သုံးသပ်လို့ရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဘုန်းတော်ကြီးသင်ကျောင်းများဟာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးရဲ့ စေတနာ၊ မေတ္တာ၊ ဂရုဏာများအရ တည်ထောင်ဖွင့်လှစ်ထားရှိခြင်းဖြစ်တဲ့အတွက် ကျောင်းအများစုရဲ့ စာသင်ဆောင်များ၊ ရေလောင်းအိမ်သာများ မပြည့်စုံမှုနဲ့ အားနည်းချက်၊ ချို့ယွင်းချက်များ များစွာရှိနေပါတယ်။ တချို့မှာ စာသင်ဆောင်အခက်အခဲကြောင့် သစ်ပင်ရိပ်အောက်မှာ စာသင်နေရခြင်း၊ အချို့မှာ စာသင်ခုံမလုံလောက်သဖြင့် ကြမ်းပြင်၊ မြေကြီးတွင်ထိုင်လျက်သင်နေရခြင်း၊ မိဘမဲ့ကလေးများနှင့် ရပ်ဝေးနေကလေးများအတွက် ညအိပ်ရန်အဆောင် အခက်အခဲရှိခြင်း၊ ၎င်းကလေးများအတွက် စားဝတ်နေရေးနှင့် စာအုပ်၊ ခဲတံမှစပြီး အလှူခံပြီး ဆောင်ရွက်နေရခြင်းတို့ကို တွေ့ရှိရပါ

တယ်။ ဒါ့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်းအဆင့်ကျောင်းများကို အစိုးရကျောင်းများအတိုင်း ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာဝယ်ယူဖို့ ကျပ် ၁၀၀၀ စီနှုန်း ထောက်ပံ့ပေးထားသော်လည်း အလယ်တန်းအဆင့်ကလေးများအတွက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နဲ့ စာရေးကိရိယာများ ထောက်ပံ့မှုမရှိသေးကြောင်း သိရှိရတဲ့အတွက် အစိုးရကျောင်းများနည်းတူ ထောက်ပံ့ပေးသင့်တာကိုလည်း တွေ့ရပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာရှိတဲ့ ဆရာဆရာမများအတွက် လစဉ်ချီးမြှင့်ငွေကို နိုင်ငံတော်က ထောက်ပံ့ပေးခဲ့တဲ့အတွက် ပြည်သူများအတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်နေကြရပါတယ်။ သို့သော်လည်း ဆရာဆရာမများအတွက် လစာချီးမြှင့်ငွေ မရရှိသေးတဲ့ကျောင်းများလည်း ကျန်ရှိနေသေးတာတွေ့ရပါတယ်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၈ ကျောင်းရှိတဲ့အနက် နိုင်ငံတော်က လစဉ်ချီးမြှင့်ထောက်ပံ့ငွေရရှိတဲ့ ကျောင်းပေါင်းခြောက်ကျောင်းသာ ရှိကြောင်း သိရှိရပါတယ်။ သက်ဆိုင်ရာကျောင်းများ သာသနာရေးဦးစီးဌာနနှင့် ဆက်စပ်မှုအားနည်းခြင်း၊ စာရင်းကောက်ယူရာမှာကျန်ရှိနေခြင်း၊ တချို့ကျောင်းများမှာ အမည်မပေါက်ခြင်းတို့ကြောင့် ဖြစ်နိုင်တယ်လို့ သုံးသပ်ရပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရဲ့ အခြားလိုအပ်ချက်တစ်ခုကတော့ နိုင်ငံတော်ကထောက်ပံ့ပေးတဲ့ ဗလာစာအုပ်နဲ့ ကျောင်းသုံးဖတ်စာအုပ်များ အပြည့်အဝညီတူမရရှိခြင်းပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးသင်ကျောင်းများအနက် ကသာ၊ ကောလင်း၊ ထီးချိုင့်၊ အင်းတော်မြို့နယ်များမှာရှိတဲ့ ကျောင်းများက ထောက်ပံ့ပစ္စည်းအပြည့်အစုံရရှိပြီး ဗန်းမောက်နှင့် ဝန်းသိုမြို့နယ်များမှာရှိတဲ့ကျောင်းများမှာတော့ ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ်ခြောက်အုပ်နှုန်းသာရရှိခြင်း၊ ပင်လည်ဘူးမြို့နယ်တွင် ယနေ့အထိ မည်သည့်ထောက်ပံ့မှုမှမရရှိခြင်းတို့ကို လေ့လာတွေ့ရှိရပါတယ်။

အလားတူပဲ အခြားလိုအပ်ချက်တစ်ခုကတော့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေနဲ့ အလယ်တန်းနဲ့ အထက်တန်းအဆင့်တိုးမြှင့်နိုင်ဖို့အတွက် ပညာရေးဝန်ကြီးဌာနရဲ့ခွင့်ပြုချက်လိုအပ်နေပြီး လက်ရှိမှာနှောင့်နှေးနေမှုများ ရှိနေတာကို တွေ့ရပါတယ်။ အချို့ကျောင်းများမှာ ကျောင်းသားဦးရေအဆောက်အဦပြည့်စုံနေသော်လည်း ကျောင်းအဆင့်တိုးလျှောက်ထားခြင်းမှာ နှစ်ကာလအတန်ကြာသည်အထိ ကျမလာကြောင်းသိရှိရပါတယ်။ ဥပမာ-တစ်နိုင်ငံလုံးက ဘုန်းတော်ကြီးသင်မူလတန်းလွန် ကျောင်း ၃၅ ကျောင်းကို အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပေးဖို့၊ အလယ်တန်းကျောင်းခြောက်ကျောင်းကို အထက်တန်းအဆင့်တိုးမြှင့်ပေးဖို့ ၂၀၁၂ ခုနှစ်ကတည်းက လျှောက်ထားခဲ့တဲ့နေရာမှာ

သာသနာရေးဝန်ကြီးဌာနက ထောက်ခံတင်ပြခဲ့သော်လည်း ပညာရေးဝန်ကြီးဌာနက ယခုအချိန်ထိ တစ်ကျောင်းမျှချထားပေးနိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ တချို့ကျောင်းများမှာ ယခင်နှစ်က အလယ်တန်းနှင့် အထက်တန်းတွဲပြီးသင်နေရသော်လည်း ယခုနှစ်မှာ သင်ခွင့်မရတော့တဲ့အတွက် ကြောင့် အခက်အခဲဖြစ်နေတာကိုလည်း လက်တွေ့ကြုံတွေ့နေရပါတယ်။ တချို့ကျောင်းများမှာ ယခင် နှစ်က သူငယ်တန်းမှ ဒသမတန်းအထိ သင်ကြားပို့ချခဲ့သော်လည်း ယခုနှစ်မှာ နဝမတန်းနှင့် ဒသမတန်း ပညာသင်ကြားခွင့်ကန့်သတ်လိုက်တဲ့အတွက် အခက်အခဲဖြစ်နေတာကိုလည်း တွေ့နေရပါ တယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘုန်းတော်ကြီးသင် ပညာ ရေးကျောင်းများဟာ အခက်အခဲအမျိုးမျိုးကြားမှ ဘုန်းတော်ကြီးများရဲ့ ဦးစီးစွမ်းဆောင်မှု၊ အလှူရှင် များရဲ့ ပံ့ပိုးမှုနဲ့ မြန်မာနိုင်ငံရဲ့ပညာရေးကို တစ်ထောင့်တစ်နေရာက ဆောင်ရွက်ပေးနေခြင်းဖြစ်ပါ တယ်။ နိုင်ငံတော်အစိုးရရဲ့ အခြေခံပညာကျောင်းများမှာ မူလတန်းကျောင်း ၃၇၅၆၉ ကျောင်း၊ အလယ် တန်းကျောင်း ၂၂၅၀ ကျောင်း၊ အထက်တန်းကျောင်း ၁၁၅၄ ကျောင်း စုစုပေါင်းကျောင်းပေါင်း ၄၀၉၇၃ ကျောင်းရှိတဲ့နေရာမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းစုစုပေါင်း ၁၅၉၇ ကျောင်းသာရှိတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဟာ အစိုးရကျောင်းများရဲ့ ၃.၈ ရာခိုင်နှုန်း သာရှိတဲ့အတွက် ပညာရေးမြှင့်တင်မှုအနေဖြင့် ဖြည့်ဆည်းထောက်ပံ့ပေးဖို့ အခက်အခဲမရှိနိုင်လို့ဘဲ ယူဆပါတယ်။ အလွန်ဆင်းရဲချို့တဲ့မှု၊ ခက်ခဲတဲ့လမ်းပန်းဆက်သွယ်မှု၊ မိဘမဲ့ကလေးတွေများပြားမှု စသည်တို့ကြောင့် အစိုးရကျောင်းများမှာ မနေနိုင်တဲ့ကလေးငယ်များအတွက် နိုင်ငံတော်က အောက်ပါ အချက်များ ဖြည့်ဆည်းပေးဖို့လိုအပ်နေကြောင်း တင်ပြလိုပါတယ်။

(၁) ဆရာဆရာမများအတွက် လစဉ်ချီးမြှင့်ငွေမရရှိသေးသောကျောင်းများကို အောက်ခြေထိ ကွင်းဆင်းစာရင်းကောက်ယူ၍ ဖြည့်ဆည်းပံ့ပိုးပေးရန်၊ (၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကလေးများအား နိုင်ငံတော်၏အခမဲ့မူလတန်း၊ အခမဲ့အလယ်တန်းပညာရေးအတိုင်းထောက်ပံ့ပေးရန်၊ (၃) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် လိုအပ်သည့်အဆောက်အဦ၊ စာသင်ခုံ သင်ထောက်ကူပစ္စည်းများကို စနစ်တကျစာရင်းကောက်ယူ၍ လိုအပ်သလိုထောက်ပံ့ပေးရန်၊ (၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုင်း နိုင်ငံတော်၏ထောက်ပံ့ပစ္စည်းများ ညီတူရရှိနိုင်ရန်အတွက် စာရင်းကောက်ယူခြင်း၊ အသိပေးနှိုးဆော်ခြင်းများပြုလုပ်၍ စနစ်တကျဖြန့်ဖြူးပေးရန်၊ (၅) ဘုန်းတော် ကြီးသင်ပညာရေးကျောင်းများရဲ့ အဆင့်တိုးလျှောက်ထားခြင်းများကို သတ်မှတ်ချက်များနှင့် ပြည့်စုံ

ညီညွတ်ပါက အမြန်တိုးမြှင့်ဆောင်ရွက်ပေးရန်၊ (၆) တချို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် အလယ်တန်းနှင့် အထက်တန်းတွဲပြီး သင်ကြားပို့ချနေခြင်းများကို အခြေအနေ၊ အချိန်အခါအရ ကန့်သတ်ချက်မထားဘဲ ခွင့်ပြုပေးရန်တို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တစ်ဝှမ်း အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ထောက်ပံ့မှုပိုမိုတိုးမြှင့်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အလေးအနက်တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သူရဦးအေးမြင့် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်း(ဒီပဲယင်းမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် တင်သွင်းသွားတဲ့အဆိုဟာ ဆင်းရဲနွမ်းပါးသူအများစုရဲ့ သားသမီးတွေနဲ့ မိဘမဲ့ကလေးများအတွက် ပညာရေးအထောက်အကူပြုစေတဲ့ အဆိုဖြစ်တဲ့အတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသန်းထွန်းက ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သာသနာရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်ငွေး(ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ရဲ့အဆိုနှင့်စပ်လျဉ်းပြီး သာသနာရေးဝန်ကြီးဌာနကိုယ်စား ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဘုန်းတော်ကြီးသင်ပညာရေး(တွဲဖက်)အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၀၉ ကျောင်း၊ မူလတန်းလွန် ၃၉၃ ကျောင်း၊ မူလတန်း ၁၀၉၃ ကျောင်း စုစုပေါင်း ၁၅၉၇ ကျောင်းတွင် ကျောင်းသားပေါင်း ၂၆၉၂၆၇ ဦးကို အထက်တန်းသင်ဆရာ ၁၁၆ ဦး၊ အလယ်တန်းသင်ဆရာ ၅၅၆ ဦး၊ မူလတန်းလွန်ဆရာ

၈၉၂ ဦး၊ မူလတန်းသင်ဆရာ ၅၂၆၀ ဦး စုစုပေါင်း ဆရာဆရာမ ၆၈၂၄ ဦးမှ ပညာသင်ကြားပို့ချပေး လျက်ရှိပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်လှစ်ရန် အောက်ဖော်ပြပါအချက်များ ပြည့်စုံ ရန်လိုအပ်ပါတယ်-

(က) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်း ဆောင်ရွက်လိုသောကျောင်းသည် ကျူးကျော်ကျောင်းမဟုတ်ဘဲ မြို့နယ်သံဃာ့နာယကအဖွဲ့၏ ဝါဆိုသံဃာစာရင်းဝင် ကျောင်းဖြစ်ပြီး ဝိဝါဒ၊ အနုဝါဒအဓိကရုဏ်း ကင်းရှင်းရပါမည်။

(ခ) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်း ဆောင်ရွက်လိုသောကျောင်းတွင် ကျောင်းဆောင်အဆောက်အဦနှင့် ကျောင်းသုံးပရိဘောဂပြည့်စုံပြီး အရည်အချင်း ပြည့်မီသောဆရာဆရာမအင်အားရှိ၍ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားနိုင် သည့် ကျောင်းဖြစ်ရမည်။

(ဂ) ကျောင်းသားအင်အားမှာ ကျေးလက်ဒေသများတွင် အနည်းဆုံး ၂၀ ယောက်၊ မြို့ပေါ် ဒေသများတွင် အနည်းဆုံး ၄၀ ယောက်ရှိ၍ အတန်းအလိုက်ကျောင်းသားစာရင်းနှင့် ဆရာဆရာမစာရင်းကို ဖော်ပြရမည်ဟုပါရှိပါတယ်။

ထို့အပြင် သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများအား အောက်ဖော်ပြပါစည်းကမ်းချက်များဖြင့် ပြည့်စုံပါက မူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ပေး လျက်ရှိပါတယ်-

(က) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းကို အနည်းဆုံး တစ်နှစ်ဆောင်ရွက် ခဲ့ပြီး မူလတန်းလွန်ပညာသင်ယူမည့် စတုတ္ထတန်းအောင်ကျောင်းသားအရေအတွက် သည် အနည်းဆုံး ၁၀ ယောက်ရှိရန်နှင့် ပဉ္စမတန်းမှ သတ္တမတန်းအထိ တစ်နှစ်လျှင် တစ်တန်းတိုးမြှင့်သင်ကြားရခြင်း၊

(ခ) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းကို စည်းမျဉ်းသတ်မှတ်ချက်နှင့် အညီ အောင်မြင်စွာဆောင်ရွက်နိုင်သောကျောင်းဖြစ်ပြီး ဒေသအခြေအနေနှင့် လူမှု စီးပွားရေးအခြေအနေသည် မူလတန်းလွန်အဆင့် ဖွင့်လှစ်သင်ကြားခွင့်ပြုသင့်သည့် အခြေအနေဖြစ်ခြင်းတို့ပဲဖြစ်ပါတယ်။

ဂုဏ်စည်းကမ်းချက်များနှင့်ပြည့်စုံကြောင်းကို မြို့နယ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်၊ မြို့နယ်သံဃာ့နာယကအဖွဲ့၏ထောက်ခံချက်၊ တိုင်းဒေသကြီး/ပြည်နယ် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး ကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူး၏ထောက်ခံချက်များဖြင့် သာသနာရေးဝန်ကြီးဌာနသို့ လျှောက်ထားပြီး ထောက်ခံချက်များပြည့်စုံသောကျောင်းများကို ဤဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ဖွင့်လှစ်ခွင့်ပြုခြင်း၊ မူလတန်းလွန်အဆင့်တိုးမြှင့်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မူလတန်းလွန်အဆင့်မှ အလယ်တန်း၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ တိုးမြှင့်လျှောက်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့် ပြည့်စုံညီညွတ်ပါက အမြန်တိုးမြှင့်ဆောင်ရွက်ပေးရန် တိုင်းဒေသကြီး/ပြည်နယ် ဘုန်းတော်ကြီးသင်ပညာသင်ကြားရေးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အတွင်းရေးမှူးဆရာတော် ၃၃ ပါးတို့မှ လက်မှတ်ရေးထိုး၍ ၁-၇-၂၀၁၃ ရက်နေ့တွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးကိစ္စကို တရားဝင်ဆောင်ရွက်ပေးရန် အထူးမေတ္တာရပ်ခံခြင်းကိစ္စအား နိုင်ငံတော်အစိုးရသို့လည်းကောင်း၊ ၁၁-၇-၂၀၁၃ ရက်နေ့တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပညာသင်ကြားမှုဗဟိုကြီးကြပ်ရေးအဖွဲ့မှ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့ထံသို့လည်းကောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင့်မြှင့်တင်ရေးကိစ္စကို ပေးပို့လျှောက်ထားခဲ့ပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (တွဲဖက်)အထက်တန်းကျောင်းနှစ်ကျောင်းနှင့် အလယ်တန်းကျောင်းလေးကျောင်းအား အထက်တန်းအဆင့်သို့လည်းကောင်း၊ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ၃၅ ကျောင်းအား အလယ်တန်းအဆင့်သို့လည်းကောင်း တိုးမြှင့်ခွင့်ပြုရန် ၆-၆-၂၀၁၃ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနသို့ ဤဝန်ကြီးဌာနမှ မေတ္တာရပ်ခံခဲ့ပြီးဖြစ်ပါတယ်။

မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့ ဆရာတော်များမှ အတည်ပြုပေးပို့လာသော ကျောင်းသားစာရင်းများအရ ဆရာဆရာမများ၏ ထောက်ပံ့ကြေးကို ကျောင်းသား ၄၀ လျှင် ဆရာတစ်ဦးနှုန်းဖြင့် လစဉ်အချိုးကျစိစစ်ထောက်ပံ့ပေးပို့လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးဆရာတော်များမှ အသိအမှတ်ပြုကျောင်းပေါင်း ၁၉ ကျောင်းအနက် ၁၄ ကျောင်းကို ထောက်ပံ့ပေးပို့လျက်ရှိရာမှာ ကသာခရိုင်အတွင်း မူလတန်းပြဆရာဆရာမ ၃၇ ဦး၊ မူလတန်းလွန်

ဆရာဆရာမ နှစ်ဦး၊ အလယ်တန်းဆရာဆရာမ သုံးဦးအတွက် ထောက်ပံ့ငွေကျပ် ၁၅,၃၇၀၀၀ ကျပ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ထောက်ပံ့ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း အသိအမှတ်ပြုဖွင့်လှစ်ထားသည့်ကျောင်း တိုးမြင့်လာပြီး ကျောင်းသားဦးရေများပြားတိုးမြင့်လာပါက တိုးမြင့်လာသောကျောင်းသားဦးရေအလိုက် ဆရာဆရာမများ၏ထောက်ပံ့ငွေကို အချိုးကျ တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနအနေဖြင့် အဆိုရှင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်၏အဆိုနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုရှင် သူရဦးအေးမြင့်ရဲ့သဘောထားပြောပါခင်ဗျာ။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအနေနဲ့ မိမိတို့ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်များကို ပြည့်စုံစွာ တင်ပြသွားပါတယ်။ အထူးသဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းနှင့် ၎င်းကျောင်းများအတွက် ထောက်ပံ့မှုပေးနေခြင်းအခြေအနေများကို ရှင်းပြသွားတာကြားသိရတဲ့ အတွက်ကြောင့် ကျွန်တော် ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။ သို့သော်လည်းပဲ လက်တွေ့နယ်မြေဒေသ အခြေအနေကိုလေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ နယ်မြေဒေသရောက်တိုင်း ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ဒေသတွေက ဘုန်းတော်ကြီးများ၊ ဒေသခံပြည်သူများဟာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့်ပတ်သက်လို့ လိုအပ်ချက်များစွာရှိနေတာကို ကျွန်တော်တို့ကို အကြိမ်ကြိမ်အဖန်ဖန် တင်ပြခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာနက အခုလိုဆောင်ရွက်ပေးနေတယ်ဆိုသော်လည်းပဲ အောက်ခြေမှာ ပြည့်စုံလုံလောက်မှုအခြေအနေမျိုး မရှိသေးတာကိုလည်း ကျွန်တော်တို့လက်တွေ့အခြေအနေများ အရ တွေ့နေရပါတယ်။ အောက်ခြေအကောင်အထည်ဖော်ဆောင်ရွက်တဲ့ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ နယ်မြေအနှံ့မရောက်ရှိခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအချို့ ဆက်သွယ်မှုမပြုနိုင်သေးတဲ့ အတွက်ကြောင့် စာရင်းမပေါက်ခြင်း၊ ကျောင်းအဆင့်တိုးတဲ့ကိစ္စမှာ အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးနေခြင်း၊ ဘုန်းတော်ကြီးသင်ကျောင်းအချို့ လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့နေရာတွေမှာ ရှိနေခြင်း စတာတို့ကြောင့် ဖြည့်ဆည်းဖို့ကိစ္စများ အမှန်တကယ်ပင်လိုအပ်နေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်လည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် ထောက်ပံ့မှု

ပိုမိုတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်း ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ် ခံယူမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအေးမြင့် တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားခဲ့ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကလည်း ရှင်းလင်းဆွေးနွေးသွားပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အနေနဲ့ကတော့ လွှတ်တော်မှာမှတ်တမ်းတင်ထားဖို့ ပြောဆိုသွားတာရှိပါတယ်။ သို့သော်လည်း အဆိုရှင် သူရဦးအေးမြင့်ကို ပြန်လည်ပြီးသဘောထားကို မေးမြန်းတဲ့အခါမှာတော့ မှတ်တမ်းတင်ရုံနဲ့ မဟုတ်ဘဲနဲ့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ အတည်ပြုပေးဖို့ ပြောဆိုသွားပါတယ်။ ဒါကြောင့်မို့လို့ သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ်ကနေပြီး တင်ပြထားတဲ့အဆိုဖြစ်တဲ့ နိုင်ငံတော်တစ်ဝှမ်း အနယ်နယ်အရပ်ရပ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ထောက်ပံ့မှုပိုမိုတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုရယူဖို့အတွက် စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်များအားလုံး ဆန္ဒမဲပေးဖို့အတွက် အသင့်ဖြစ်စေလိုပါတယ်။ စက်ခန်းက ဆန္ဒမဲပေးဖို့အတွက် စီစဉ်ပေးပါ။ အခုဆန္ဒမဲပေးလို့ရပါပြီခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ အဆိုရှင် သူရဦးအေးမြင့်ရဲ့အဆိုကို ထောက်ခံဆန္ဒမဲ ၂၇၈ မဲ၊ ကန့်ကွက်ဆန္ဒမဲနှစ်မဲနဲ့ ကြားနေဆန္ဒမဲ ၁၇ မဲဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် သူရဦးအေးမြင့်တင်သွင်းတဲ့ နိုင်ငံတော်တစ်ဝှမ်း အနယ်နယ်အရပ်ရပ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ရေးနှင့် ထောက်ပံ့မှုပိုမိုတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အနုညာတ စီရင်ဆုံးဖြတ်ခြင်း**
**ဥပဒေကြမ်းကို တင်သွင်းခြင်း**
**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို နိုင်ငံတော်ရဲ့အကျိုးအတွက် ရေးဆွဲပြုစုပြီးဖြစ်ပါသဖြင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဒါကြောင့် ဖတ်ကြားရှင်းလင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန် (အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အနုညာတစီရင် ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒသမနေ့ဖြစ်သည့် ၈-၃-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌသူရဦးအောင်ကို၏ အဆိုဖြစ်သည့် The Arbitration (Protocol and Convention) Act (Act No.VI, 1937)(19 January, 1937) နှင့် The Arbitration Act, 1944 (Act No. IV, 1944) (1 March, 1946) တို့ကို ပြင်ဆင်ရန် အတည်ပြုခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲတင်ပြထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀-၉-၂၀၁၄ ရက်နေ့၊ ၂၇-၉-၂၀၁၄ ရက်နေ့နှင့် ၃၀-၁-၂၀၁၅ ရက်နေ့များတွင် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် တွေ့ရှိချက်များအရ ဥပဒေကြမ်းရှိ အခန်း(၁၁) နိုင်ငံခြား အနုညာတဆုံးဖြတ်ချက်များကို အတည်ပြုဆောင်ရွက်ခြင်းကိုစိစစ်ခဲ့ရာ မြန်မာနိုင်ငံသည် နယူးယောက် ကွန်ဗင်းရှင်းကို သဘောတူလက်မှတ် ရေးထိုးပြီးကြောင်း သိရှိရပါသည်။ ထိုသို့လက်မှတ် ရေးထိုးရာတွင် ကွန်ဗင်းရှင်းက ခွင့်ပြုထားသည့်အချက်များကို ခြွင်းချက်ပြု၍ လက်မှတ်ရေးထိုးခဲ့ခြင်းရှိ/မရှိကို သိရှိပြီးမှသာ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် ပိုမိုသင့်လျော်မည့် ဥပဒေကောင်းတစ်ရပ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကွန်ဗင်းရှင်းတွင် ခြွင်းချက်ပြု၍ လက်မှတ်ရေးထိုးခဲ့ခြင်းရှိ/မရှိ ပြန်ကြားပေးရန် ညှိနှိုင်းခဲ့ပါသည်။ ထိုညှိနှိုင်းချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ပအနုညာတ ခုံရုံးဆုံးဖြတ်ချက်ကို ကျင့်သုံးခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာကွန်ဗင်းရှင်း (၁၉၅၈) ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံက စာချုပ်ဝင်နိုင်ငံအဖြစ် သဘောတူပါဝင်ကြောင်း လက်မှတ်ရေးထိုးခဲ့စဉ်က ကွန်ဗင်းရှင်း

တွင် ဖော်ပြထားသည့်အချက်များကို ခြွင်းချက်ပြု လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပါကြောင်း ပြန်ကြားလာသည်ကို လေ့လာ တွေ့ရှိရပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အနုညာတစီရင် ဆုံးဖြတ်ခြင်း ဥပဒေကြမ်း ကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ပြီး စိစစ်အတည်ပြုထားသည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါသည်။

၅။ သို့ဖြစ်ပါ၍ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ နဲ့အညီစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ အရ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နဲ့အညီ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၃-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**